

# ‘အမေ’
# နဲ့
# ‘မေ’
# ကဗျာစု

နှင်းယုလွင်
စုဆောင်းသည်

## မာတိကာ


| | | |
|---|---|---|
| ‘အမေ’ နဲ့ မေ | နှင်းယုလွင် | ၂ |
| ဒေါ်အောင်ဆန်းစုကြည် | ကြိုင်လှမောင်မောင် | ၃ |
| AUNG SAN SUU KYI | Kyaihlamaungmaung | ၄ |
| မိခင်၏နှောင်ကြိုးကို ဖြေပါအံ့ | အောင်ဆန်းစုကြည် | ၅ |
| IF | Rudyard Kipling | ၆ |
| အကယ်၍ | အောင်ဆန်းစုကြည် | ၈ |
| WHY DO I HAVE TO FIGHT | AUNG SAN SUU KYI | ၁၀ |
| IN THE QUIET LAND | AUNG SAN SUU KYI | ၁၁ |
| နအဖ က ဖိတ်စာ ကမ်း | ကြိုင်လှမောင်မောင် | ၁၂ |
| သောကြာနေ့မည်းကြီး | ကြိုင်လှမောင်မောင် | ၁၄ |
| အောင်ပွဲ  ရှောင်မလွဲ | ကြိုင်လှမောင်မောင် | ၁၅ |
| ဒို့ခေါင်းဆောင် | ကြိုင်လှမောင်မောင် | ၁၇ |
| သစ္စာဂါဒီ | ကြိုင်လှမောင်မောင် | ၁၈ |
| ကမ္ဘာ့အရှည်ကြာဆုံးအကျဉ်းကျ<br>ငြိမ်းချမ်းရေးနိုဘယ်ဆုရှင်<br>ပုလဲရတုတိုင်ပြီမို့ | ကြိုင်လှမောင်မောင် | ၁၉ |
| အမြဲ စု နိုင်မည်ဗျို့ | ကြိုင်လှမောင်မောင် | ၂၀ |
| အာရှသူရဲကောင်း | ကြိုင်လှမောင်မောင် | ၂၁ |
| Asian Heroine | Kyaihlamaungmaung | ၂၂ |
| အာဂ | ကြိုင်လှမောင်မောင် | ၂၃ |
| မွေးနေ့ဆုမွန် ၁၉ ဇွန် | ကြိုင်လှမောင်မောင် | ၂၅ |
| အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ကြိုင်လှမောင်မောင် | ၂၆ |
| တသွေးထဲ တသားထဲ | ကြိုင်လှမောင်မောင် | ၂၇ |
| ‘အမေ’ နဲ့ မေ (ကဗျာ) | နှင်းယုလွင် | ကျောဖုံး |

## ‘အမေ’ နဲ့ မေ

'အမေ’ နဲ့ ဆက်စပ်တဲ့ မေလ ဖြစ်ရပ်တွေဟာ သမိုင်းမှာ အရေးကြီးတဲ့အခန်းက ပါဝင်နေတာကိုသတိထားမိပါတယ်။

၁။ ။ ၁၉၉၀ မေလ ၂၇ ရွေးကောက်ပွဲတွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က အပြတ်အသတ်အနိုင်ရခဲ့ပါတယ်။

၂။ ။ ၂၀၀၂ မေ ၁ ရက်နေ့မှာ စစ်အစိုးရခေါင်းဆောင်ပိုင်းက ‘အမေ့’ကို လျှို့ဝှက်စွာ တွေ့ဆုံဆွေးနွေးခဲ့ပါတယ်။

၃။ ။ ၂၀၀၂ မေ ၆ ရက်နေ့မှာ ‘အမေ’ဟာ ၁၉ လအကြာ နေအိမ်အကျယ်ချုပ်က လွတ်လာခဲ့ပါတယ်

၄။ ။ ၂၀၀၃ မေလ ၃၀ ဒီပဲယင်း အရေးအခင်းဖြင့် လုပ်ကြံခံရခြင်းမှ ‘အမေ’ လွတ်မြောက်လာပါတယ်။ ဒါပေမဲ့ အဲဒီနေ့မှာပဲ နေအိမ်အကျယ်ချုပ် ထပ်မံ အကျခံရပြန်ပါတယ်။

၅။ ။ ၂၀၀၆ မေ ၂၀ ရက်နေ့မှာ ကုလသမဂ္ဂအထူးကိုယ်စားလှယ် မစ္စတာ အီဘရာဟင် ဂမ်ဘာရီက ‘အမေ့’ကို ပထမဆုံးသွားရောက်တွေ့ဆုံခဲ့ပါတယ်။

၆။ ။ ၂၀၀၆ မေ ၂၇ ရက်နေ့မှာ စစ်အစိုးရက ‘အမေ’ ရဲ့ နေအိမ်အကျယ်ချုပ် သက်တမ်းကို နောက်တနှစ် ထပ်တိုးလိုက်ပါတယ်။

၇။ ။ ၂၀၀၇ မေလ ၂၅ ရက်နေ့မှာ နေအိမ်အကျယ်ချုပ် တနှစ် ထပ်မံ အတိုးခံရ ပါတယ်။

၈။ ။ ၂၀၀၈ မေလ ၂၇ ရက်နေ့မှာ နေအိမ်အကျယ်ချုပ်သက်တမ်း နောက်တနှစ် ထပ်တိုးခြင်းခံရပြန်ပါတယ်။

၉။ ။ ၂၀၀၉ မေလ ၆ ရက် နအဖရဲ့ လုပ်ကြံအမှုဆင်ကွက်ဖြင့် ‘အမေ’ဟာ တရားစွဲ ဆိုခံနေရပါတယ်။

ဆိုခဲ့ကြတဲ့စကားလဲရှိပါတယ်။ “ငု နဲ့ ပိတောက် နွေမှာလှိုင်၊ စု နဲ့ ခမောက် မေမှာ နိုင်”တဲ့။ အမှန်ပါပဲ။ ‘အမေ’ဟာ မေလ ဖြစ်ရပ်တွေမှာ ဆက်လက် အနိုင်ရနေဦးမှာပါ။ ‘အမေ’ နဲ့ မေလဖြစ်ရပ် ဆက်စပ်မှုအတွက် “နအဖ ဖိတ်စာ ကမ်း”၊ “သောကြာနေ့ မည်းကြီး”၊ “အောင်ပွဲ ရှောင်မလွဲ” ကဗျာ ၃ ပုဒ်ကိုလဲ ဖော်ပြလိုက်ပါတယ်။

**နှင်းယုလွင်**

**ဒေါ်** စု-ဦးဖာ အာဇာနည်မျိုးဆက်မှ ထွန်းလျက်ဖွားလာ

ဒို့များခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်

**အောင်** သံဂင့်ဂင့် အောင်ကဗ္ဗားရံအဆင့်ဆင့် အောင်လံလွှင့်ချီ

" ဒီမို "သောင်ကမ်းတခုဆီ ခေါ်ဆောင်လှမ်းရှုရည် ဒေါ်အောင်ဆန်းစုကြည်

**ဆန်း** သစ်အရုဏ် လှမ်းခွင့်အကြုံ မှန်းလင့်အစုံ

ယုံကြည်ဆောင်မှန်းယခုအတည် ဒေါ်အောင်ဆန်းစုကြည်

**စု** စည်းညီညွတ် လွတ်လပ်မှုအပေါင်း ပြည့်ဂကြောင်းမြော်

ဖော်ဆောင်လမ်းပြုသည် ဒေါ်အောင်ဆန်းစုကြည်

**ကြည်** လင်ပြတ်သား အမြင်မြတ်များနှင့် ကြိုင်

တတ်အားစွမ်းသမျှ လမ်းပြရှေ့ဆောင် လှ

" ဒီမို " အောင်နန်းရတုချီ ဒေါ်အောင်ဆန်းစုကြည် မောင်

သက်ရှည်စေသော်ဂ် ရာကျော်မက မောင်

ကာယကျန်းမာ ချမ်းသာနလုံး လန်းဖြာမဆုံး ၂၀၀၂

ပီပြင်ပြုံးပန်း ပွင့်ပန်ပျော် ၀၆

၀၆

A cumen (အမြင်ထက်မြက်မှု)

U nique (ပြိုင်ဘက်ကင်း)

N on-violence (အကြမ်းမဖက်သောလမ်းစဉ်)

G allant (သူရသတ္တိ)

S acrifice (ကိုယ်ကျိုးစွန့်ခြင်း)

A sian heroine (အာရှသူရဲကောင်း)

N oble laureate for peace (ငြိမ်းချမ်းရေးနိုဘယ်ဆုရှင်)

S agacity (အမြော်အမြင်ကြီးမှု)

U mbrella (ဖြန့်ကျက်ကွပ်ကဲခြင်း)

U mpire (သမာသမတ်ရှိခြင်း)

K inetic (လှုပ်ရှားမှုစွမ်းအား)

Y oung at heart (စိတ်ဓါတ် နုပျိုခြင်း)

I ntegrity (ညှိနှိုင်းဆက်စပ်ဆောင်ရွက်ခြင်း)

**Kyaing Hla Maung maung**
**2002 11 12**

# မိခင်၏ နှောင်ကြိုးကို ဖြေပါအံ့

မိခင်၏ နှောင်ကြိုးကို ဖြေပါအံ့..
သည်းစွာသောအနာကို ကုစားပါအံ့
သမီး၏လုံ့လဂီရိယဖြင့်
နာလန်ထူပါစေအံ့....

မွေးကျေးဇူးကို မသိတတ်သော
ထိုသူတို့အား
သိနားလည်အောင် ဆွဲဆောင်နိုင်စွမ်းကို
သမီးအား ပေးပါလေ...



တွေ့ရအံ့သော ဘေးရန်တို့ကို
သမီး ထီမည်မဟုတ်...

တဘဝတွင် တခါသာ သေရသည်ဖြစ်၍
အဘယ်နည်းနှင့် သေရသည်ဖြစ်စေ
သမီး၌ မထူးခြား...


သမီး၏ စိတ်ကူးတို့
အကယ်အဖြစ်သို့ရောက်သောအချိန်တွင်
အသင်တို့သည်လည်း ပျော်မြူးကြရမည်...

အခြားအခြားသော သူတို့၏
ရှုတ်ချခြင်း
ကဲ့ရဲ့ခြင်း
မုန်းတီးရွံရှာခြင်း
နာမည်ဖျက်ခြင်းတို့ကို
သမီး အလျဉ်း ဂရုမပြု...

အောင်ဆန်းစုကြည်

မိခင်ထံမှ ဒါမှ ငါ့သမီး ဟူသော
ကျူးရင့်သံကိုသာ တောင့်တပါ၏...

လောကတွင် မိခင်၏ကျေးဇူးကို
အသိတတ်ဆုံးသမီး ဖြစ်ရပါလို၏။ ။




*If*

*If you can keep your head when all about you*
*Are losing theirs and blaming it on you;*
*If you can trust yourself when all men doubt you,*
*But make allowance for their doubting too;*
*If you can wait and not be tired by waiting,*
*Or, being lied about, don't deal in lies,*
*Or, being hated, don't give way to hating,*
*And yet don't look too good, nor talk too wise;*

*If you can dream - and not make dreams your master;*
*If you can think - and not make thoughts your aim;*
*If you can meet with triumph and disaster*
*And treat those two imposters just the same;*
*If you can bear to hear the truth you've spoken*
*Twisted by knaves to make a trap for fools,*
*Or watch the things you gave your life to broken,*
*And stoop and build 'em up with wornout tools;*

*If you can make one heap of all your winnings*
*And risk it on one turn of pitch-and-toss,*
*And lose, and start again at your beginnings*
*And never breath a word about your loss;*
*If you can force your heart and nerve and sinew*
*To serve your turn long after they are gone,*
*And so hold on when there is nothing in you*
*Except the Will which says to them: "Hold on";*

*If you can talk with crowds and keep your virtue,*
*Or walk with kings - nor lose the common touch;*
*If neither foes nor loving friends can hurt you;*
*If all men count with you, but none too much;*
*If you can fill the unforgiving minute*
*With sixty seconds' worth of distance run -*
*Yours is the Earth and everything that's in it,*
*And - which is more - you'll be a Man my son!*

***"If"** is a poem written in 1896 by Rudyard Kipling "If—" has been translated into many languages. One worthy of note is a translation into Burmese language, the mother tongue of the country where the city of another of Kipling's masterpiece "Mandalay" is located. It was translated by Nobel Peace Prize winner, Aung San Suu Kyi.*

# အကယ်၍

## ဒေါ်အောင်ဆန်းစုကြည်
## ဘာသာပြန်ဆိုသည်

အကယ်၍
မင်းအသိုင်းအဝိုင်းက တုန်လှုပ်ချောက်ခြားပြီး
ဒါတွေဟာ မင်းကြောင့်လို့ ဝိုင်းဂန်းအပြစ်တင်ကြတဲ့အခါ
မင်းဟာ ခေါင်းအေးအေးနဲ့ ရင်ဆိုင်နိုင်မယ်ဆိုရင်
အကယ်၍
အားလုံးက မင်းကို မယုံသင်္ကာဖြစ်လာတဲ့အခါ
သူတို့ ကို နားလည်စွာ ခွင့်လွှတ်ရင်းနဲ့ မင်းကိုယ်မင်း ယုံကြည်မှုအပြည့် ရှိမယ်ဆိုရင်
အကယ်၍
စောင့်သင့်တဲ့အချိန်ကို စောင့်ပြီး
အဲ့ဒီအတွက်လည်း မမောမပန်းနေနိုင်မယ်ဆိုရင်
ဒါမှမဟုတ်
မင့်ရဲ့ အကြောင်း မဟုတ်မတရား မုသားစကားကြားရတဲ့အခါ
မင်းကလည်း အလိမ်အညာတွေနဲ့ မတုန့်ပြန်ဘူးဆိုရင်
ဒါမှမဟုတ်
မင်းကို လူတကာက ဝိုင်းမုန်းတီးတဲ့အခါ မင်းဟာ အမုန်းတွေ ပြန်မပွားဘူးဆိုရင်
ပြီးတော့ မင်းကိုယ်မင်း လူတော်တယောက်ရယ်လို့ မမြင်ပဲ
ပညာရှိစကားတွေကိုလည်း မလွန်ဆန်ဘူးဆိုရင်
အကယ်၍
စိတ်ကူးရင်အိမ်မက်တွေဟာ မင်းအပေါ် မလွှမ်းမိုးစေပဲ စိတ်ကူးနိုင်မယ်ဆိုရင်
ပြီးတော့ အတွေးအခေါ် စိတ်ကူးတွေဟာ
မြော်မှန်းချက်သက်သက်သာမဖြစ်ပဲ တွေးခေါ်နိုင်မယ်ဆိုရင်
အကယ်၍
အောင်မြင်မှုသုခနဲ့ ဆုံးရှုံးမှုဒုက္ခတွေကို ကြုံတွေ့ရတဲ့အခါ
တူညီသောလောကဓံတရားတွေပါလားရယ်လို့
ခံယူထားနိုင်မယ်ဆိုရင်
အကယ်၍
မင်းရဲ့ အမှန်စကားတွေကို လူလိမ်လူညစ်တွေက လှည့်စားပြောင်လဲပြီး
မုသားအဖြစ် ထောင်ချောက်ဆင်ညစ်တဲ့အခါ
မင်းဟာ တည်ငြိမ်စွာနဲ့ နာကြားနိုင်မယ်ဆိုရင်

ဒါမှမဟုတ်
မင်းဘဝတခုလုံးပေးပြီး အရိပ်တကြည့်ကြည့်နဲ့ ဖြည့်ဆည်းခဲ့ရတဲ့အရာရာကို
ဖျက်စီးခံလိုက်ရတဲ့နောက်မှာ အင်မတန်မှ သေးငယ်လှတဲ့
တန်ဆာပလာအရာရာနဲ့ ပြန်လည်တည်ဆောက်နိုင်မယ်ဆိုရင်
အကယ် ၍
မင်းခံနိုင်သမျှအားလုံးဟာ ကြွေတလက် ကြက်တခုန်ပမာ
တလှည့်တခါတည်းနဲ့ ဆုံးရှုံးသွားခဲ့ရင်
ပြီးတော့ အစကနေ ပြန်စနိုင်မယ်ဆိုရင်
ပြီးတော့ ဆိုးလှတဲ့ ကြမ္မာရယ်လို့
ဘယ်သောအခါမှ ညည်းညူမနေဘူးဆိုရင်
အကယ် ၍
သူများတကာလုပ်ပြီးသွားကြလို့ အချိန်အတော်ကြာမှ
မင်းအလှည့် ရောက်တဲ့အခါ မင်းတယောက်တည်းနဲ့ပဲ
အားနဲ့ မာန်နဲ့ ဇွဲသတ္တိရှိရှိ ဆက်ကြိုးစားနိုင်မယ်ဆိုရင်
အဲ့ဒီလိုပဲ
မင်းမှာ စိတ်အားကလွဲလို့ ဘာဆိုဘာမှ မရှိတော့တဲ့အခါ
အဲ့ဒီစိတ်ဓါတ်အားကို ခိုင်မာစွာနဲ့ပဲ
ဆက်လက်ဆုပ်ကိုင်ထားနိုင်မယ်ဆိုရင်
အကယ် ၍
လူတွေနဲ့ ထိတွေ ပြောညဆို ဆက်ဆံတဲ့အခါ
ကိုယ်ကျင့်သိက္ခာကို စောင့်ထိန်းနိုင်မယ်ဆိုရင်
ဒါမှမဟုတ်
မင်းကရာဇ်တွေနဲ့ အတူလမ်းလျှောက်နေရပေမဲ့ မာန်မာန သွေးမကြွဘူးဆိုရင်
အကယ် ၍
ရန်သူကဖြစ်စေ မိတ်ဆွေကဖြစ်စေ မင်းကို သိပ်နာကျည်းအောင် မလုပ်နိုင်စေရင်
အကယ် ၍
လူတိုင်းကို တန်ဖိုးထားလေးစားရပေမယ့် စွဲလမ်းမှုသံယောဇဉ်တွေ ထားမနေဘူးဆိုရင်
အကယ် ၍
တိုတောင်းလှတဲ့ မပစ်ပယ်နိုင်တဲ့ တမိနစ်အတွင်းမှာ
အဓိပ္ပါယ်ရှိလှတဲ့ စက္ကန့်ခြောက်ဆယ်အဖြစ် အသုံးချနိုင်မယ်ဆိုရင်
ငါ့သားရေ
မင်းဟာ အရာရာရှိတဲ့ အရာရာဖြစ်တဲ့ ကမ္ဘာကြီးကို ဆုပ်ကိုင်လို့
အရာအရာ ဘာမဆို မင်းစွမ်းနိုင်ပြီပေါ့
အဲ့ဒီတော့ မင်းဟာလည်း ယောကျ်ားကောင်းတစ်ယောက်ပေါ့။

# Why do I have to fight

*They killed my father a year ago,*
*And they burnt my hut after that*
*I asked the city men "why me?" they ignored*
*"I don't know, mind your business," the men said.*
*One day from elementary school I came home,*
*Saw my sister was lifeless, lying in blood.*
*I looked around to ask what happened, if somebody'd known,*
*Found no one but living room as a flood.*
*Running away by myself on the village road,*
*Not knowing where to go but heading for my teacher*
*Realizing she's the only one who could help to clear my throat,*
*But this time she gave up, telling me strange things in fear.*
*Why, teacher, why.. why.. why?*
*I have no dad nor a sister left.*
*To teach me and to care for me you said, was that a lie?*
*This time with tearful eyes she, again, said...*
*"Be a grown one, young man,*
*Can't you see we all are dying?*
*And stop this with your might as soon as you can,*
*For we all are suffering."*

**Aung San Suu Kyi**

# In The Quiet Land

*In the Quiet Land, no one can tell*
*if there's someone who's listening*
*for secrets they can sell.*
*The informers are paid in the blood of the land*
*and no one dares speak what the tyrants won't stand.*
*In the quiet land of Burma,*
*no one laughs and no one thinks out loud.*
*In the quiet land of Burma,*
*you can hear it in the silence of the crowd*
*In the Quiet Land, no one can say*
*when the soldiers are coming*
*to carry them away.*
*The Chinese want a road; the French want the oil;*
*the Thais take the timber; and SLORC takes the spoils...*
*In the Quiet Land....*
*In the Quiet Land, no one can hear*
*what is silenced by murder*
*and covered up with fear.*
*But, despite what is forced, freedom's a sound*
*that liars can't fake and no shouting can drown.*


**Aung San Suu Kyi**

# နအဖ ဖိတ်စာကမ်း



တယ်ကြက်သဘောနဲ့
'ယက်တော'(Yettaw)ကို တည်၊ ။
နအဖ က
မဟုတ်မဟာတ်
လုပ်ဇာတ်ကြံစည်။ ။

ကလိန်စေ့ ငြမ်းစင်
လှမ်းပြင်တဲ့ စိတ်ကူးဉာဏ်
အထွေအထူးဖန်
ရေကူးချံပီယံအဖြစ်၊ ။
ဒေါ်စုကို အကျယ်ချုပ်က
တကယ်အဟုတ်ပ မလွတ်ရအောင်
ထောင်ချဖို့ တမျိုးထွင်
အမှုဆင် "ညစ်"။။



Obama လဲမနေသာ
တို့ Burma ပြည်ရွာ 'ဒီမို' ရှင်သန်စေဖို့
"ဆန်ရှင်" ထပ်ပိတ်ဆို့ရ၊ ။
ဩစီ၊ ဂျပန်၊ အာဆီယံ
ယူအဲန်၊ အီးယူလဲ
ပူပန်ညည်းညူကဲ မြော်ရှု
ဒေါ်စုအမှုကို ရုတ်
အချုပ်မှ လက်ငင်းလွတ်စေကြောင်းကို
အချက်ပြင်း တောင်းဆိုကြ။ ။

နအဖ ကတော့ ထီမထင်
ပီပီပြင် စီစဉ်တဲ့အတိုင်း
ထင်ရာစိုင်းလျက် ရှေ့ဆက်လှမ်း ၊ ။
မတရားစီမံခြင်းအတွက်
ခံပြင်းချက် မကျေနပ်မှုအစုံနဲ့
လူထုအုံကြွကြရအောင်
နအဖ က ဖိတ်စာကမ်း ။ ။



" ကစားကွင်းမှာ သနားခြင်းမရှိပါ"
"နိုးမာစီ (No mercy)"
" အင်သည်ဂိမ်း(in the game)" ၊ ။
နအဖကို သနားလျှင်
ငါးပါးပင်မကာ
သံဃာစင်ပါ မှောက်မဲ့ကိန်း ။ ။



ဒီတပွဲ
အပီချဲလို့
မတည်မြဲ အာဏာရှင်
မကြာခင် တစုလုံးပြုတ်
နိဂုံးချုပ် အဆုံးသတ်စေဖို့
ဆုံးဖြတ်လို့ ဆင်နွှဲ ။ ။
အဓမ္မသမားတွေကို
ရသမျှအား အမူအပြုတွေနဲ့
လူထုရဲ့ ရှောင်မလွဲမဲ့
အောင်ပွဲ ။ ။



ကြိုင်လှမောင်မောင်

၂၀၀၉-၀၅-၂၀

# သောကြာ နေ့မည်းကြီး
# BLACK FRIDAY

မေလ ၃၀ ရက် သောကြာနေ့
ဖျောက်ကာမမေ့နိုင်တဲ့ ရက်အမည်းကြီး
တသက်စွဲပြီး မနေသာပွါးကြံမဟော့ .......
သဘောထား မှုမမှန်
လူမဆန်တဲ့လုပ်ရပ်
ယုတ်ပတ်တဲ့ အစီအစဉ်
ပီပြင်တဲ့ ရိုင်းပျမှု
နှိုင်းဆပြုမရတဲ့ အာဃာရှုး
အာဥ္ဇာဂကဘီလူးထက်ဆိုးတဲ့ စစ်အုပ်စု
ညစ်ယုတ်မှု ပြုသမျှလက်ချက်ကြောင့်
မရှုမလှ အသက်ထွက် ဒဏ်ရာရ
ဖန်လာသမျှ ခါးစည်းခံ
သည်းညည်းခံနေလို့မဖြစ်
အမှန်ဖွေလို့စစ် မကြောက်တရားနဲ့
ထောက်ထားကာ မြန်မာ့ရှေ့ရေးကို
ဟန်ကျစေရေး မြော်တွေးချက်နဲ့
သွေးစက်တွေအတွက်
ချွေးစက်ဂေလျက်
သွေးထွက်ပစေကွဲ့
စတေးအသက်တွေနဲ့
အလေးအမြတ် ထာစဉ်အတွေးဖြင့်
(ခွပ်ဒေါင်းတို့ရေ ....... )
ပေးဆပ် ရာဇဂင်ကြွေး

ကြိုင်
လှ
မောင်
မောင်
၂၀၀၃
၀၅
၃၀

# အောင်ပွဲ ရှောင်မလွဲ



**ဆိုခဲ့ကြတယ်.......**

"ငှ နဲ့ ပိတောက် နွေမှာလှိုင်"
"စု နဲ့ ခမောက် မေ မှာနိုင်" --- လို့
အပိုင်မို့ တကယ့်ကို
ဆိုခဲ့ကြတယ် ---



**နိုင်ခဲ့ကြတယ်.......**

၉၀ ခုနှစ် ရွေးချယ်ပွဲ
ဖြိုးကြွယ်ဆုအဖြစ် အရေးထယ်ဆဲ
အရေးကြွယ်ကဲလှိုင်
နိုင်ခဲ့ကြတယ် ---


**အလိမ်အညစ်နဲ့ ယစ်မူးကြတယ်.......**

ဆိုင်သာဆိုင် မပိုင်ခဲ့ရ
ပိုင်သာပိုင် မကိုင်ခဲ့ရ ပြည့်အာဏာ
မဆိုင်တဲ့ ငတိ ကချလာ ကလိန်ကကျစ် စစ်ဘီလူးတွေက
အလိမ်အညစ်နဲ့ ယစ်မူးကြတယ် ---



**လိမ်ကြပါတယ်.......**

အုပ်ချုပ်မှုမှာ အတိမပြောင်းလဲ
ဆုတ်ယုတ်မှုသာ ဖိထောင်းဆဲ
ပလောင်းပလဲ ကလိန်ကျလို့
လိမ်ကြပါတယ် ---




**မိုက်ဇာတ်မသိမ်းကြရာ.......**

ပါဂါရမက် ခွက်စောင်းခုတ်
အာဏာအတွက် အကွက်ကောင်းလုပ်
အသက်ပေါင်းများစွာ အကြိုက်သတ်
မိုက်ဇာတ်မသိမ်းကြရာ ---

## သက်သေ ရှိလျက်ပါ.......

အရေး ဇူလိုင် ၇ ရက်အခြေကအစ
သွေးဆူအိုင်ထွန်း ၃၀ ရက် မေလအထိ
သေကြရသည့် အသက်တွေ
သက်သေ ရှိလျက်ပါ ---

## အကြံအဖန်လုပ်ပါတယ်.......

မပြီးသေးတဲ့ ပန်းချီကား
အပြီးရေးမတဲ့ အပြီကြွား
ပလီထားတဲ့ ညီလာခံနဲ့
အကြံအဖန်လုပ်ပါတယ် ---

ရက်ကိုလစား  လများနှစ်မျို
စံနစ်အို  အမြစ်ဖြို
အသစ်ပြောင်း  အကောင်းပြင်
အကြောင်းထင် အင်အား  စွမ်းပကားပြည်သူ
ရည်တူ  ညီမူ  ကြည်ဖြူလက်တွဲ
အောင်ပွဲ အကြော့သာ
ရှောင်မလွဲတော့ပါ -------

ကြိုင်
လှ
မောင်
မောင်
၂၀၀၄
၀၅
၂၇



# ဒို့ခေါင်းဆောင်

ဒေါ်စု ကိုယ်တိုင်ကိုယ်ကျ (စတိအဖြစ်)

လက်ခံရယူသည့် တခုတည်းသော ဆု

ဒို့ခေါင်းဆောင်  ဒေါ်စု
အဖော်ပြုတာက  'မကြောက်တရား'
ထောက်ထားပြုမူတာက  လူထုကောင်းစားရေး
အကြောင်းတရားတွေးတာက  ဒီမိုကရေစီ
ညီလိုစေချင်တာက  တိုင်းရင်းသား သွေးချင်း
အားပေးရင်းကျင့်ကြံတာက  သစ္စာတရား
မေတ္တာပွါးရှေ့ရှုတာက  လူ့အခွင့်အရေး
ချင့်တွေးမြော်မှန်းတာက  အကြမ်းမဖက်ရေးလမ်းစဉ်
အေးချမ်းရှင်လန်းစွာ  ဆင်မြန်းတာက  ငြိမ်းချမ်းရေးပန်း
မတွေးမမှန်းတာက  အာဏာနဲ့နေရာ
ဖွေရှာတင်ပြတာက  အနာဂတ်မျိုးဆက်သစ်ကမ္ဘာ
အနစ်နာခံ  မငဲ့ကွက်တာက  ထည့်မတွက်တဲ့ကိုယ်ကျိုး
မျိုးရိုးဆင်းသက်လာတာက  အာဇာနည်သွေး
ကမ္ဘာမှာအမည်ပေးတာက  ကမ္ဘာ့ရဲ့ဆိုရှယ်အစုတွင်  'နိုဘယ်ဆုရှင်'
ပြုသမျှ  အထွဋ်အမြတ်တွေးတာက  "ဒုတိယ လွတ်လပ်ရေး"
လွတ်လပ်မှု နဲ့ ငြိမ်းချမ်းရေးအတွက်ရတာက  အင်တာနေရှင်နယ်ဆု
ခြောက်ဆယ်ခုတွင်  ခြောက်ခု ထပ်လောင်းကာ
မြတ်ကြောင်းဖြာ  ဂုဏ်အင်္ဂါပေါင်းချောင်
ဒို့ခေါင်းဆောင်  ဒေါ်စု

ကြိုင်
လှ
ဆောင်
ဆောင်
၂၀၀၃
၀၂
၁၁

*(အမေရိကန်နိုင်ငံအခြေစိုက် Freedom Forum Foundation မှ ၂၀၀၃ ခုနှစ် ဖေဖော်ဝါရီ ၆ ရက်နေ့တွင်ချီးမြှင့်သော Al Neuharth Free Spirit of the Year Award ရ 'ဒေါ်စု' အား ဂုဏ်ပြုပါသည်)*

# သစ္စာဂါဒီ

ဗမာတွေ အထွဋ်အမြတ်ပေးတဲ့ လွတ်လပ်ရေးရဲ့ပိသုကာ
ပြည်ထောင်စုရဲ့မီးရှူးတန်ဆောင် ဂုဏ်ရောင်လှမ်းတဲ့
ဗိုလ်အောင်ဆန်းတဲ့ အာဇာနည်
ပထမလွတ်လပ်ရေးကို အသက်သွေးနဲ့စတေးလို့ ရယူပေးခဲ့သည်
ဗမာ့တပ်မတော် ဖော်ဆောင်ဖွဲ့စည်း အမျိုးသားခေါင်းဆောင်ကြီး
ကြိုးစားအားဆောင်ပြီး စတင် ဘခင်အောင်ဆန်း တည်ထောင်ခဲ့ပါသည်
တိုင်းရင်းသား သွေးစည်းဖလှယ်ခဲ့ နယ်ချဲ့ကိုတော်လှန်အောင်လိုက်သည်
အောင်ဆန်း ... အောင်ဆန်း ... သခင်အောင်ဆန်းတဲ့အာဇာနည်

မွေးသဘခင် သခင်အောင်ဆန်းခေါ်တွင်သည် ဒေါ်ခင်ကြည် မာတာမိခင်တို့မှ
ဖွားသန့်စင်ခဲ့အတည် အာဇာနည်မျိုးဆက်ရဲ့ တိုးတက်အမြင်ကြည်
အာဏာငမ်းငမ်းတက်သူတွေကို သာယာစွာ အကြမ်းမဖက်မှုနဲ့ ရင်ဆိုင်သည်
ဒီမိုကရေစီ သောင်ကမ်း အနီး ခေါ်ဆောင်စခန်းတခုဆီ သမီး ဒေါ်အောင်ဆန်းစုကြည်

( ကမ္ဘာချဉ် အာဏာရှင် စံနစ်ဆိုးရဲ့ အကျင့်ဆိုးတဲ့ဒဏ်များကို ခံစားရပြည်သူသည်
ရှစ်လေးလုံးအုံကြွကာ နိုးကြားအင်အားညီ အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်ရဲ့
အလံတော်အောက်ဆီ ဆောက်တည်ပေါင်းစု အောင်ကြောင်းပြုကာချီ
အာဏာရှင် စံနစ်ဆိုးချက်မှ ထိုးထွက်လွတ်မြောက်ရန် ယုံကြည်
ကိုယ်ရေးကို ထည့်မတွက် ကိုယ်ရေးကို မငဲ့ကွက် ပြည်သူအတွက်
ပြည်သူ အထွဋ်အမြတ်တွေးကာအတည် ဒုတိယ လွတ်လပ်ရေးရရန်ယုံကြည်
မေတ္တာကမ္ဘာတည် သစ္စာဂါဒီ ဖော်ဆောင်မှန်းရှုရည် ဒေါ်အောင်ဆန်းစုကြည် )

လူ့အခွင့်အရေး အပြည့်အဝပြုကျင့်ရေးကိုရည် ငြိမ်းချမ်းစွာ လက်တွဲနေထိုင်ရေး
တွေးဆယုံကြည် လူမှုဆင်းရဲခြင်း လွတ်ကင်းရန် မှန်းမြော်သည်
ကမ္ဘာ့ရဲ့ ဆိုရှယ်အစုတွင် နိဘယ်ဆုရှင်အဖြစ်ရပ်တည်
ဒီမိုကရေစီသောင်ကမ်းကြီး ခေါ်ဆောင်စခန်းတခုဆီ သမီး ဒေါ်အောင်ဆန်းစုကြည်

( ကမ္ဘာချဉ် အာဏာရှင် .................. ဖော်ဆောင်မှန်းရှုရည် ဒေါ်အောင်ဆန်းစုကြည် )
{သီချင်း ကြည့်ရှုနားဆင်ရန် http://www.youtube.com/watch?v=SX1JKsELxH8 }

ကြိုင်လှမောင်မောင်
၁၉၉၉ နိုဝင်ဘာ

# ကမ္ဘာ့ အကြာဆုံး အကျဉ်းကျ ငြိမ်းချမ်းရေးနိုဘယ်ဆုရှင်




ကြိုင်လှမောင်မောင် ၂၀၀၈-၁၀-၂၄

အနှစ်နှစ်ဆယ် အတွင်း
တဆယ်သုံးနှစ်ကြာ ကာလအချိန်
နေအိမ်အကျယ်ချုပ်ကျ နိုဘယ်ဆုရှင်
ပီပြင် သတ္တိ
မြတ်သည့်ရည်မှန်းချက်
ပြည်တပ်မ်းအတွက် အထွင်ရှုအမြတ်တွေး
လွတ်လပ်ရေးဖော်ကြံ
တော်လှန်ကာဆင်နွှဲ
စဉ်အမြဲ ရှုချင့်ပေး
လူ့အခွင့်အရေးဖွံ့ဖြိုးရန်
အဘိုးတန် အတွေးအမြင်များ
အထင်ရှား ပြလှစ်ညွှန်
စစ်ကျွန်အဖြစ် နွံမနစ်ဘို့
မွန်စံနစ် ဒီမိုကရေစီ
လိုနေပြီ ပြည်မြန်မာ
ရည်သန်ကာကြိုးပမ်း
မညှိုးနွမ်း ဂိရိယ
တိကျတဲ့ သန္နိဋ္ဌာန်
အမှန်စိတ်ကြံပွားလျက်
အမှန်တရားဘက်သမို့
တရားပျက်တို့ရဲ့ နှောင်တကာတွင်းမှ
ရှောင်ကာကွင်း အမြန်လွတ်စေကြောင်း
ဆုမြတ်ချွေတောင်း ။ ။

# ပုလဲရတုတိုင်ပြီမို့ အမြဲ စု နိုင်မည်ဗျို့

ဖြူစင်မွန်မြတ် ဘဂဇာတ်ကို
သတ္တိဖွဲ့ဖြင့် အောင်ပွဲခြိမ့်သဲ
အနိုင်နွံလျက် ပုလဲရတု တိုင်ခဲ့ပြီ
ဖွေးဥဖြူခြယ် ဂုဏ်အင်ကြွယ်တဲ့
စင်ကြယ်အမြဲ ပုလဲရတုမြောက်
နှစ်ခြောက်ဆယ်ပြည့် မွေးနေ့ရောက်သော်
ပျော်ရွှင်ချမ်းမြေ့ လန်းမွေ့ကြည်လင်
မင်္ဂလာအပေါင်း
ခညောင်းဂပ်တွား ရှိစေသား .........

သောကမြိုင်က လောဘလှိုင်ထ
ပြောမနိုင် ဆိုမရ "ငို့ဘ"လွန် မ သား
အဘိဖျှာပွါးပို မို့စွာများကို
စိတ်ထားခန့်ညား ပွံ့ပွံ့ရဲရဲ
အနိုင်နွံလျက်
မှန်းချက် ဒီမို စခန်းထက်ဆီကို
လှမ်းတက်အညီ အမြန်ရောက်စေသား .........




ကြောက်ရွံ့ခြင်းနှင့် နောက်တွန့်ခြင်းများ
ဖယ်ရှင်းသွားကာ အများတကာဆန္ဒ
ပြည့်ဝစေမည် လွတ်လပ်မည်မလွဲ
ပျော်ပွဲပေါင်းပင် ပြည့်ပီပြင်

**တက်ညီကာတွေး မြော်ရှု**
**ဟက်ပီဘာသ်ဒေး ဒေါ်စု**

" စု "သည် ကိုယ်စားပြု လူထု
ပုလဲရတုတိုင်ပြီမို့ အမြဲ " စု " နိုင်မည်ဗျို့ .........

(ပုလဲရတု = နှစ် ၆၀ ပြည့်)

**ကြိုင်လှမောင်မောင်**
**၂၀၀၅ ဇွန် ၁၉**

# အာရှသူကောင်း

လွန်မသာ



ကြောက်ရွံ့ခြင်းမှ၊ လွတ်ကင်းစေရန်
ချွေသံစကား၊ မြွက်ကြားညွှန်းဆို
ကွန်းခိုစခန်း၊ 'ဒီမို' ပန်းတိုင်
လှမ်းကိုင်ရဘို့၊ နောက်မတွန့်ပဲ
ပွဲရဲပြတ်သား၊ အမြတ်ထားပြည်သူ
မြော်ရည် မွတ်ငတ်၊ လွတ်လပ်မှုကို
ရှေ့ရှုမှန်းလျက်၊ အကြမ်းမဖက်သော
ညက်ညောဂါဒ၊ စံပြကျင့်ဆောင်
အနှောင်အဖွဲ့၊ လှောင်တဲ့ကြားထဲ
အားခဲအမှန်ရှု၊ အန်တုတုန့်ပြန်
ငုံ့မခံမာန်တင်း၊ မမှန်ခြင်းကို
ခံပြင်းရှုတ်ချ၊ အဟုတ်ပဆန့်ကျင်
သန့်စင်ကျင့်ထုံး၊ နလုံးသွင်းကာ
ကောင်းခြင်းဖြာပ
ဂါဒ မူလဲကောင်းတော့
အာရှ သူရဲကောင်းပေါ့
ဒို့ခေါင်းဆောင်

"ဒေါ်အောင်ဆန်းစုကြည်"

ကြိုင်
လှ
မောင်
မောင်
၂၀၀၄
၁၀
၁၅

# ASIAN HEROINE

*Saying and directing to free from fear and*

*Hold bravely the winning post without retreat*

*In the paradise of Democracy land,*

*Appreciating and carrying the desire of the people on the head*

*Looking forward to having the liberty without violence and threat,*

*But with the harmonious and tender way as an ideal act;*

*Even in the custody with restrictions looking for the justice,*

*Defying and opposing the unfairness and lawlessness bitterly*

*With the rational retort and response as the noble practice*

*Of conscience and sincerity.*

*As the platform is good*

*Wearing the ASIAN HEROINE hood*

*It's our great leader "AUNG SAN SUU KYI"*

(Maung Maung Hla Kyaing 2004-10-15)



# အာဂ

နွေခေါင်ခေါင်မှာ
သေအောင်ပူပြင်း
ရှင်နေမင်းရဲ့
ညှင်းဆဲဒဏ်ထု
အံတုခဲ့ဘူးပြီ

မိုးရာသီမှာ
ဖြိုးရွာသည်းထန်
မစဲပြန်ခြုံသိုင်း
မှန်တိုင်းဆင်ပြု
အစဉ်မမှုခဲ့ဘူးပြီ

ဆောင်းဥတုမှာ
နှင်းထုဖြူဖွေး
ချမ်းအေးပိုခြင်းလဲ
အလျှဉ်းမကြောက်
ဒူးမထောက်ခဲ့ဘူးပြီ

အစဉ်တည်ရှိ
ရာသီညှိသော
နိယာမတရား
သဘာဝဒဏ်ကို
အာခံ အမြဲ
ဖွဲ့နဘဲသန်ခဲ့

တဘာဝမှာ
ခဏာတာပေါ်ထွက်
မျက်စိလည်လာသော
“ ငါတကော ”စံနစ်
ရက်စက်ညစ် ပါဝါမင်
ဖက်ဆစ်အာဏာရှင်
ကမ္ဘာချဉ် မေတ္တာတုံးရဲ့
အညစ်ဆုံးယုတ်ပတ်
လုပ်ရပ်လောက်တော့
“ခမောက်” ကလေးက
မကြောက်ရေးချ မကြောက်ဘိ
ကြောက်သွေးက တပေါက်မရှိ

၂၀၀၆–၀၂–၂၁ လားရှိုး သတင်းစာရှင်းလင်းပွဲမှာ ပြန်ကြားရေးဝန်ကြီးက
အဲန်အယ်လ်ဒီအား ဥပဒေနှင့်အညီ နေထိုင်ရန်သတိပေး၏။



**ကြိုင်**
**လှ**
**မောင်**
**မောင်**
**၂၀၀၉**
**၀၂**
**၂၄**

# တောင်းဆုမွန်
# ၁၉ ဇွန်

ကြောက်ရွံ့ခြင်းမှ
လွတ်ကင်းစေရန် ရည်စိတ်သန်ထား
အဖိနှိပ်ခံ အများပြည်သူ
မခြားကြည်ဖြူ အေးအတူ ပူအမျှ
အလေးမူ အယူအဆ
ဖေးကူ အတူတကွ ၊ ။
အဖေတူသမီး အခြေမှ ယူပြီး
တုမငြီး ပြည်သူ့အချစ်တော်
ညီမှုအစစ်ဖော် တိုင်းရင်းသားများအား
ယှိုင်းပင်းစွမ်းပကား မှန်းထားပြည်စိုပြေစည်
ဒီမိုကရေစီ လူ့ဘောင်ဘ၀ ။ ။





မှန်တာကိုလုပ်
ဟုတ်တာကိုပြော
သဘောဖြောင့်ဘိ
စောင့်သိသစ္စာ
မေတ္တာကရုဏာဆည်
သစ္စာဂါဒီ
အာဇာနည်မျိုးဆက်
တိုးတက်အမြင်ကြည်
ရိုးလျက် အစဉ်တည် ၊ ။
ကိုယ်ကျိုးနဲ့ပါဂါ မှန်းမတွက်
အာဏာငမ်းငမ်းတက်သူတွေကို
သာယာစွာအကြမ်းမဖက်မှုနဲ့ ရင်ဆိုင်
ယှဉ်ပြိုင်ကာ ဒီမိုသောင်ကမ်းအစုဆီ
ဖော်ဆောင်မှန်းရှုရည်
ဒေါ်အောင်ဆန်းစုကြည် ။ ။

သက်ရှည်ကျန်းမာ ဂမ်းသာရွှင်ပြုံး
လန်းဖြာဘဝင်နှလုံး အဟုတ်ဆောင်
အချုပ်အနှောင်တကာမှ ထာဝရအမှန်
မကြာပအမြန်လွတ်ကင်း
လွတတ်လပ်ခြင်းနှင့် ပြည့်စေသော်ငြ်
ထွန်းမြတ်အခင်းနှင့် ပြည့်စေသော်ငြ်

ကြိုင်
လှ
မောင်
မောင်
၂၀၀၆
၀၆
၁၇

**အ** ရေးကြီးချိန် သွေးစည်းညီလျက်

**မျိုး** ဆက်အားအင် ထွန်းကားပွါးခဲ့

**သား** ရင်းသွေးတူ အေးအတူပူအမျှ

**ဒီ** မိုကရေစီ ယုံကြည်လှမ်းလျှောက်

**မို** မောက်စွမ်းအင် ရင်တွင်းလှျံလျက်

**က** ္ဘာထက်ခွင် ထိုးမြင်ပေါက်ရောက်

**ရေ** အောက်ကောင်းကင် နည်းစုံလင်ဖြင့်

**စီ** စဉ်စီမံ အောင်ပွဲခံ၍

**အ** လံဂင့်ကာ ပြည်သာယာဘို့

**ဖွဲ့** စည်းလို့ပင် စဉ်ကျိုးဆောင်ရင်း

**ချုပ်** နှောင်ကင်းပ ဂပြောလူ့ဘောင် တည်ထောင်အံ့

ကြိုင်လှမောင်မောင်

၂၀၀၁၀၀၁၂၅

# တသွေးထဲ တသားထဲ



ဒေါ်စုတဲ့ ဒို့ခေါင်းဆောင်
လွတ်ကြောင်းအောင် မင်းညစ်အောက်က
ခွပ်ဒေါင်းဆောင် ခွင်းပစ်တောက်ပ
အလင်းခေတ် ရောက်ရဘို့ ရည်စိတ်သန်၊ ။

မတရားတဲ့အမိန့်တွေ မကြည်ညို ဗီဆန်
တရားတဲ့အမိန့်တွေ ပြည်တခိုတည်ရန်
အခါးမဲ့ အဆိမ့်ပေ ‘ဒီမို’ကိုစီမံ
ရည်သန်စိတ်မှန်းလျက်
အကြမ်းမဖက်ကာ အစာငတ်ခံ။ ။

ငြိမ်းချမ်းရေး ဂမ္ဘီရကြီး
‘ဂန္ဒီဂျီး’ လမ်းစဉ်
ရဟန်းအရှင် ‘ဦးဂိစာရ’ ထုံး
အထူးသိသာပ စံပြတန္ဖုန်းပ
ရှေ့ဆုံးက တိုက်ပွဲစပြီ
တိုက်ရဲပဲ့ါ အာဇာနည်၊ ။

ရှေ့ကကြောင်း
ဒို့ခေါင်းဆောင် ခေါ်တဲ့လမ်း
ဒို့ကောင်းအောင် မျှော်တဲ့စခန်း
အဖော်နဲ့မြန်း အရေးအောင်အောင်
သွေးမကြောင်ပါ ရောင်သွေမလွဲ
ဒို့တတွေနွဲ့ အောင်ပွဲရည်လျက်
ချီတက် ပန်းတိုင်ဆီ။ ။

ကျိုင်
လှ
မောင်
မောင်
၂၀၀၃
၀၉
၀၄

ထုတ်ဝေမှုမှတ်တမ်း

| | |
|---|---|
| စာအုပ်အမည် | 'အမေ' နဲ့ မေ ကဗျာစု |
| ထုတ်ဝေသည့်နေ့ | ၂၀၀၉ ဇွန် ၁၉ |
| ထုတ်ဝေသည့်အကြိမ် | ပထမအကြိမ် |
| စုဆောင်းမှု | နှင်းယုလွင် |
| မျက်နှာဖုံး | BURMA STAR GROUP |
| အတွင်းအပြင်အဆင် | BURMA STAR GROUP |
| စာစီစာရိုက် | BURMA STAR GROUP |
| ထုတ်ဝေမှုတာဝန်ခံ | နှင်းယုလွင် |

ဒေါ်စု၏ ၆၄ နှစ်မြောက် မွေးနေ့ အထိမ်းအမှတ် အဖြစ် ထုတ်ဝေပါသည်။

ဤ ကဗျာစု ထုတ်ဝေနိုင်ရန်နှင့် ကဗျာများ စုစည်းတင်ပြနိုင်ခွင့်ရရန်
အဘက်ဘက်မှကူညီပံ့ပိုးပေးကြသည့်
ကြိုင်လှမောင်မောင်နှင့်တကွ မီဒီယာသမားများအား

အထူးကျေးဇူးဥပကာရ တင်ရှိပါကြောင်း မှတ်တမ်းတင်အပ်ပါသည်။

# အမေ နဲ့ 'မေ'



အမေဟာ မတွေဝေပါ
အမေဟာ အခြေအနေကိုသုံးသပ်ပါတယ်
အမေဟာ မဟုတ်မခံပါ
အမေဟာ အဟုတ်အမှန်ကို ရှေးရှုပါတယ်
အမေဟာ မေတ္တာပွါးပါတယ်
အမေဟာ သစ္စာတရားလက်ကိုင်ထားပါတယ်
အမေဟာ ရိုးသားပါတယ်
အမေဟာ နိုးကြား ကြိုးစားပါတယ်
အမေဟာ ကိုယ်ကျိုးတရားမဖက်ပါ
အမေဟာ ကိုယ့်အမျိုးသားရေးအတွက်ပါ
အမေဟာ အသိကြွယ်ပါတယ်
အမေဟာ ပရိယာယ်မာယာ ပယ်ပါတယ်
အမေဟာ အာဇာနည်အဖေတူသမီးပါ
အမေဟာ အာဇာနည်အမွေယူပြီး ဆက်ခံပါတယ်
အမေဟာ မတရားတဲ့ဥပဒေတွေကိုအာခံဖီဆန်ပါတယ်
အမေဟာ တရားတဲ့အပြုတွေကိုသာကြံစည်ပါတယ်
အမေဟာ ကြောက်ရွံ့ခြင်းမှ လွတ်ကင်းပါတယ်
အမေဟာ နောက်တွန့်ခြင်း အလျဉ်းမရှိပါ
အမေဟာ ငြိမ်းချမ်းရေးလိုလားလေတဲ့ ပညာတတ်ပါ
အမေဟာ ကိန်းခန်းပိုပွါးစေမဲ့အနာဂတ်ကမ္ဘာ
အမေဟာ အကြောင်းအလုံးစုံကို တော်၊သင့် ဘို့
အကောင်းဆုံးကိုမြော်လင့်လို့
အကျိုးမရှုံးမပျက်ရန် ဆင်ခြင်သွားကာ
အဆိုးဆုံးအတွက် ပြင်ဆင်ထားရန်
တပ်လှန့်ခဲ့ပါတယ်
ဒါတွေကြောင့်
အမေဟာ 'မေ'မှာ ကြုံတွေ့ရတဲ့ ပြဿနာအပေါင်းမှ
လွတ်ပါစေကြောင်း
ဆုတောင်းရပါတယ်

နင်းယုလွင်
၂၀၁၉ ဇွန် ၁၁
တိုကျို